**အနော်ရထာမင်းသည် ရှင်အရဟံမထေရ်မြတ်အား စတင်ဖူးတွေ့ရစဉ် လျှောက်ထားသည့် သာရဏီယကထာ**

**အနော်ရထာမင်း** အရှင်ရဟန်းသည် အဘယ်အမျိုးအနွယ် ဖြစ်တော်မူသနည်း။
အဘယ်အမှုကိစ္စအတွက် ဤနေရာအရပ်သို့ ကြွမြန်းတော်မူလာပါသနည်း။

**ရှင်အရဟံ** ငါသည် ဂုဏ်တော်ကိုးပါး၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာ၏ အမျိုးအနွယ်တည်း။ ဤအရပ်၌ ဗုဒ္ဓမြတ်စွာ၏ စစ်မှန်သော သာသနာတော်ထွန်းကားစေရန် ရည်သန်၍ ရောက်ရှိလာခြင်းဖြစ်သည်။

**အနော်ရထာမင်း** ဗုဒ္ဓမြတ်စွာသည် အဘယ်မည်သော တရားတော်တို့ကိုမြွက်ကြားတော်မူခဲ့ပါသနည်း။

**ရှင်အရဟံ** မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သော တရားတော်အရေအတွက်သည်ကား ဓမ္မဝိနယအားဖြင့်နှစ်ပါး၊ ပိဋကတ်အားဖြင့်သုံးပါး၊ နိကာယ်အားဖြင့်ငါးပါး၊ အင်္ဂါအားဖြင့်ကိုးပါး၊ ဓမ္မခန္ဓာအားဖြင့်ရှစ်သောင်းလေးထောင်ရှိကုန်၏။

**အနော်ရထာမင်း** ဘုရားသခင်ဟောကြားတော်မူအပ်သော တရားတော်ကို တစ်စိတ်တစ်ဒေသမျှ ဟောတော်မူပါလော့။

**မထေရ်မြတ်၏ ပုဂံနေပြည်တော်တွင် ဟောကြားသည့် တရားဦးမြတ် ဒေသနာတော်**

**အပ္ပမာဒေါ အမတံ ပဒံ**

**ပမာဒေါ မစ္စုနော ပဒံ**

**အပ္ပမတ္တာ နမိယန္တိ**

**ယေပမတ္တာ ယထာမတာ။**

ကုသိုလ်ကောင်းမှု၌ မမေ့လျော့ခြင်းသည် သေခြင်းကင်းရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းသည် ပူပန်ဆင်းရဲ အဖန်တလဲလဲသေရခြင်း၏ အကြောင်းဖြစ်၏။ ကုသိုလ်ကောင်းမှု၌မမေ့မလျော့သောသူတို့သည် မသေရာနိဗ္ဗာန်သို့ ရောက်ကြမည်ဖြစ်၍ မသေသောသူများ ဖြစ်ကြကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့သောသူတို့သည် အသက်ရှင်လျက်ရှိကြသော်လည်း အဖန်တလဲလဲသေကြရဦးမည်ဖြစ်၍ သေသောသူနှင့်တူကုန်၏။